# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၅) ၂၀၂၅ ခုနှစ် ဇွန်လ ၁၃ ရက်


## မာတိကာစဉ်


၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ဖော်ပြလျက်ရှိသော လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ ၂-၅

၂။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၂၅ နှင့် စပ်လျဉ်းသည့်သတင်းစဉ်။ ၆-၇

၃။ လူသတ်တရားခံရဲအရာရှိဟောင်းအား သေဒဏ်ချမှတ်ခဲ့သည့်အမိန့်ကို မလေးရှား နိုင်ငံ အယူခံတရားရုံးက ဆက်လက်အတည်ပြုခြင်း။ ၈-၁၀

၄။ အမေရိကန်နိုင်ငံက ICC တရားသူကြီး ၄ ဦးအပေါ်ပိတ်ဆို့အရေးယူမှုနှင့်စပ်လျဉ်း၍ EU က အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုတရားရုံး International Criminal Court -ICC အပေါ်ထောက်ခံခြင်း။ ၁၁-၁၂

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၅) ၂၀၂၅ ခုနှစ် ဇွန်လ ၁၃ ရက်

**မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်း၍ သိကောင်းစရာ**

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ၌ အစပျိုးစမ်းသပ်ကာလ (Pilot Project)အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ်တင်သွင်းခြင်းဆိုင်ရာ လိုက်နာရမည့်စည်းကမ်းချက်များသတ်မှတ်သည့် အမိန့်ကြော်ငြာစာ၊ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာနည်းဥပဒေများတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှု ပေးထားပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ၂၀၂၂ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့က ထုတ်ပြန်ခဲ့သော လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာနည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာ နည်းဥပဒေများတွင် အခန်း (၈) ခန်းနှင့် ပုံစံ(၉)ခုပါဝင်ပြီး လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို တင်သွင်းခြင်း ပြုလုပ်ရန် မှာယူလိုသည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီသည် လိုအပ်သည့်အချက်အလက်များနှင့်အတူ သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာနများမှတစ်ဆင့် ဝန်ကြီးဌာနသို့ ပုံစံ(၁)ဖြင့် ပူးတွဲလျှောက်ထားရမည်ဖြစ်ကြောင်း၊ ခွင့်ပြုချက်ရရှိသူသည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအတွက် ကျသင့်ငွေကို ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့က သတ်မှတ်ထားသည့်ဌာနသို့ ပေးသွင်းရန် စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငွေပေးသွင်းပြီးပါက လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် လွှဲပြောင်းခြင်း တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ ဖြစ်စေဆောင်ရွက်လိုလျှင် ပုံစံ(၂)တွင် ပြည့်စုံစွာဖြည့်စွက်၍ သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ်

အစိုးရဌာနများမှတစ်ဆင့် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ကိုတွေ့ရှိရပါသည်။

လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများသိုလှောင်ရေးအတွက် ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာအတည်ပြုချက်ရရှိလိုသည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီသည် ခွင့်ပြုချက်ရရှိရန် ပုံစံ(၃)ဖြင့် သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာနများမှတစ်ဆင့် ဝန်ကြီးဌာနသို့ လိုအပ်သည့်အချက်အလက်များနှင့်အတူ လျှောက်ထားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ်ကို ပေါက်ကွဲမှုဖြစ်ပေါ်စေရန် ပြုပြင်စီမံဆောင်ရွက်ခြင်းကိုဖြစ်စေ၊ အရည်အသွေးမပြည့်မီ မကောင်းမွန်တော့သည့် ယမ်းဘီလူးတစ်မျိုးမျိုးကို လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းအဖြစ် အသုံးပြုနိုင်ရန် အရည်အသွေးမြှင့်တင် ပြုပြင် ပေါင်းစပ်ခြင်းကိုဖြစ်စေ၊ အစပျိုးဖောက်ခွဲမှုအဖြစ် အသုံးပြုသည့် စနက်တံအမျိုးမျိုး၊ ယမ်းကြိုးအမျိုးမျိုးပြုလုပ်ခြင်းကိုဖြစ်စေ ဆောင်ရွက်လိုသည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီသည် သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာနများမှတစ်ဆင့် ဝန်ကြီးဌာနသို့ လိုအပ်သည့်အချက်အလက်အထောက်အထားများနှင့်အတူ ပုံစံ(၆)ဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

ယမ်းတိုက်ဆောက်လုပ်ရန်အကြောင်းကြားစာရရှိပြီးသူသည် စိစစ်အတည်ပြုထားသောမြေနေရာ၌သတ်မှတ်သည့်အင်္ဂါရပ်များနှင့်အညီ ယမ်းတိုက်ကို အချိန်မီပြီးစီးအောင် အကောင်အထည်ဖော်ဆောက်လုပ်၍ပြီးစီးပါက လိုင်စင်ရရှိရေးအတွက် စစ်ဆေးရေးအရာရှိချုပ်ထံ ပုံစံ(၄)ဖြင့်လျှောက်ထားရမည်ဖြစ်ကြောင်း၊ စစ်ဆေးရေးအရာရှိချုပ်သည် သတ်မှတ်ထားသော အင်္ဂါရပ်များနှင့်ညီညွတ်ခြင်းရှိသည့်ယမ်းတိုက်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လျှောက်ထားသူအား လိုင်စင်ကို ပုံစံ(၅)ဖြင့် ထုတ်ပေးရမည်ဖြစ်ကြောင်း၊ လိုင်စင်ရယမ်းတိုက်တွင် တာဝန်ပေးအပ်ထားသည့် တာဝန်ခံသည် ယမ်းတိုက်အတွင်း သိုလှောင်ထားရှိသော လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော

ဝတ္ထုပစ္စည်းများကို လုပ်ငန်းခွင်အသုံးပြုရန် ပုံစံ (၇) ဖြင့် ထုတ်ယူခွင့်တောင်းခံရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။

ခွင့်ပြုချက်ရရှိသူသည် လိုင်စင်ရရှိသည့်ယမ်းတိုက်၌ သိုလှောင်ထားရှိသည့် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ ဖျက်ဆီးခြင်းကို ခွင့်ပြုရန် သက်ဆိုင်ရာအစိုးရလုပ်ငန်း သို့မဟုတ် အစိုးရဌာနများမှတစ်ဆင့် ဝန်ကြီးဌာနသို့ ပုံစံ(၈) နှင့်အတူ လိုအပ်သည့်အချက်အလက် များကိုဖော်ပြ၍ လျှောက်ထားရမည်ဖြစ်ကြောင်း၊ လိုင်စင်ရရှိသူသည် ယမ်းတိုက်တစ်ခုချင်းအလိုက် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့်စပ်လျဉ်းသော ပြန်တမ်းကို ပုံစံ(၉)ပါ အတိုင်း လစဉ် လဆန်းသုံးရက်နေ့မတိုင်မီ ဝန်ကြီးဌာနသို့တင်ပြရမည်ဖြစ်ပြီး မိတ္တူကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးနှင့် စစ်ဆေးရေးအရာရှိချုပ်ထံသို့ ပေးပို့ရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

ထို့ပြင် ခွင့်ပြုချက်ရရှိသူနှင့်ယမ်းတိုက်လိုင်စင်ရရှိသူတို့၏တာဝန်များ၊ လုပ်ငန်းခွင်သုံးပေါက်ကွဲ စေတတ်သောဝတ္ထုပစ္စည်းများကို သယ်ယူပို့ဆောင်ရွက်တွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ယမ်းတိုက်များကိုစစ်ဆေးရန်အတွက် စစ်ဆေးရေးအရာရှိချုပ်နှင့်စစ်ဆေးရေးအရာရှိချုပ်က တာဝန် ပေးအပ်ထားသောစစ်ဆေးရေးအရာရှိများ ဆောင်ရွက်ရမည့်အချက်များကိုလည်း ထုတ်ပြန်ခဲ့ပါသည်။

လိုင်စင်ရရှိသူသည် လိုင်စင်ပါခွင့်ပြုပမာဏထက်ပိုသော သို့မဟုတ် ခွင့်ပြုချက်မရှိသော လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို ယမ်းတိုက်တွင် လက်ခံသိုလှောင်ထားပါက ဥပဒေပါပြစ်ဒဏ်များချမှတ်ခြင်းခံရမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထု ပစ္စည်းများဆိုင်ရာဥပဒေမပြဋ္ဌာန်းမီ ယခင်ဥပဒေအရ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထု ပစ္စည်းများ သိုလှောင်ခွင့်ပြုထားသည့် ယမ်းတိုက်များအတွက် ဤနည်းဥပဒေများနှင့်အညီ လိုင်စင် လျှောက်ထားရယူရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၅) ၂၀၂၅ ခုနှစ် ဇွန်လ ၁၃ ရက်

သို့ဖြစ်ပါ၍ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာ နည်းဥပဒေများနှင့်ပတ်သက်၍ အသေးစိတ်လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၅) ၂၀၂၅ ခုနှစ် ဇွန်လ ၁၃ ရက်

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၂၅ နှင့်စပ်လျဉ်းသည့် သတင်းစဉ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၃၉/၂၀၂၅ ကို ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် စီးပွားရေးပြန်လည်ကောင်းမွန်လာစေရန်နှင့် ပြည်တွင်း အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ဖြင့် ပြည်တွင်း၌ ထုတ်လုပ်မည့်လောင်စာဆီသုံးယာဉ်များ Semi-Knocked Down – SKD စနစ် နှင့် Completely Knocked Down – CKD စနစ်တို့ဖြင့်တင်သွင်းခြင်းအတွက် အကောက်ခွန်နှုန်းထားများ ဖြေလျှော့ခွင့်ပြုကြောင်းနှင့် ဖြေလျှော့ကောက်ခံမည့်နှုန်းထားများအား ယာဉ်အမျိုးအစားအလိုက် အောက်ပါအတိုင်း အသီးသီးဖော်ပြထားပါသည် -

(က) 2000 CC နှင့်အောက် လူစီးမော်တော်ယာဉ်အား SKD စနစ်ဖြင့် ၇.၅ % မှ ၅ % သို့ လည်းကောင်း၊ CKD စနစ်ဖြင့် ၅ % မှ ၃ % သို့ လည်းကောင်း။

(ခ) 2001 CC နှင့်အထက် လူစီးမော်တော်ယာဉ်အား SKD စနစ်ဖြင့် ၇.၅ % မှ ၅ % သို့ လည်းကောင်း၊ CKD စနစ်ဖြင့် ၅ % မှ ၃ % သို့ လည်းကောင်း။

(ဂ) သုံးဘီးမော်တော်ဆိုင်ကယ် (လူစီး) အား SKD စနစ်ဖြင့် ၇.၅ % မှ ၃ % သို့ လည်းကောင်း၊ CKD စနစ်ဖြင့် ၅ % မှ ၁.၅ % သို့ လည်းကောင်း။

(ဃ) သုံးဘီးမော်တော်ဆိုင်ကယ် (ကုန်တင်) အား SKD စနစ်ဖြင့် ၇.၅ % မှ ၃ % သို့ လည်းကောင်း၊ CKD စနစ်ဖြင့် ၅ % မှ ၃ % သို့ လည်းကောင်း။

(င) Bus များအား SKD စနစ်ဖြင့် ၇.၅ % မှ ၃ % သို့ လည်းကောင်း၊ CKD စနစ်ဖြင့် ၅ % မှ ၃ % သို့ လည်းကောင်း။

(စ) Truck/ Body Building ပြုလုပ်ရန် Truck များအား SKD စနစ်ဖြင့် ၇.၅ % မှ ၃ % သို့ လည်းကောင်း၊ CKD စနစ်ဖြင့် ၅ % မှ ၃ % သို့ လည်းကောင်း။

(ဆ) မော်တော်ဆိုင်ကယ်အား SKD စနစ်ဖြင့် ၃ % မှ ၁.၅ % သို့ လည်းကောင်း၊ CKD စနစ်ဖြင့် ၃ % မှ ၁.၅ % သို့ လည်းကောင်း။

အဆိုပါအမိန့်ကြော်ငြာစာသည် ၁-၆-၂၀၂၅ ရက်နေ့မှ ၃၁-၅-၂၀၂၆ရက်နေ့အထိ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၃) အမှတ် (၁၅) ၂၀၂၅ ခုနှစ် ဇွန်လ ၁၃ ရက်

## လူသတ်တရားခံ ရဲအရာရှိဟောင်းအား သေဒဏ်ချမှတ်ခဲ့သည့်အမိန့်ကို မလေးရှားနိုင်ငံ အယူခံတရားရုံးက ဆက်လက်အတည်ပြုခြင်း

အသက် ၂၇ အရွယ်ချစ်သူကိုသတ်ဖြတ်မှုဖြင့် သေဒဏ်ချမှတ်ခြင်းခံခဲ့ရသည့်ရဲအရာရှိတစ်ဦး၏ အယူခံမှုကို မလေးရှားနိုင်ငံ၊ PETALING JAYA မြို့ရှိ အယူခံတရားရုံး(the Court of Appeal )က ပလပ်ပြီး မူလရုံးအမိန့်အတိုင်း သေဒဏ်ကျခံစေရန် ဆုံးဖြတ်ခဲ့ပါသည်။

အာမက်ရစ်ဇယ်အူမာရ်(Ahmad Rizal Umar)အမည်ရှိ အသက် ၄၃ နှစ်အရွယ် ရဲအရာရှိသည် ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့က မလေးရှားနိုင်ငံ၊ ဆားဘား(Sabah) ပြည်နယ်၊ ကီနင်ဂေါင်း(Keningau) မြို့ရှိ တိုက်ခန်းတစ်ခုတွင် ၄င်းနေထိုင်သော ၎င်း၏ချစ်သူ ကာတီနီ ဘော်ဟန် (Kartini Borhan)ကို ဓားဖြင့် ထိုးသတ်ခဲ့ကြောင်း၊ Free Malaysia Today(FMT) သတင်းဌာန၏ဖော်ပြချက်များအရ ရစ်ဇယ်သည် လွန်ခဲ့သော ၁၄ နှစ်ခန့်က ၎င်း၏ချစ်သူကို သဝန်တိုမှုကြောင့် ဒေါသအကြီးအကျယ်ထွက်ကာ ဓားဖြင့် ၁၀ ချက်ခန့်ထိုးခဲ့ပြီး ဒုတိယမြောက်ထိုးသွင်းချက်သည် သေစေသည့်ဒဏ်ရာဖြစ်စေခဲ့ကြောင်း သိရှိရပါသည်။

ရစ်ဇယ်သည် လူသတ်မှုကျူးလွန်ပြီးနောက် ၎င်းခန္ဓာကိုယ်တွင် ဒဏ်ရာများရရှိအောင်ပြုလုပ်ကာ ၎င်း၏ချစ်သူ ကာတီနီဘော်ဟန်မှာ လုယက်မှုကျူးလွန်ခံရ၍ အကူအညီတောင်းခံသဖြင့် သွားရောက်စဉ် လုယက်မှုကျူးလွန်သူမှ ကာတီနီဘော်ဟန်အားသတ်ဖြတ်ပြီး ၎င်းကိုတိုက်ခိုက်ထွက်ပြေးသွားသည်ဟု ရဲအရာရှိအစီရင်ခံစာအမှားထုတ်ကာ ဇာတ်လမ်းဆင်ပုံဖော်ခဲ့သည်။ သို့ရာတွင် မှုခင်းဆရာဝန်၏အစီရင်ခံစာတွင် ရစ်ဇယ်၏ခန္ဓာကိုယ်မှဒဏ်ရာများသည် ရန်ပြုခံရသည့်အခြေအနေမှရရှိသောဒဏ်ရာများမဟုတ်ကြောင်းနှင့် မိမိကိုယ်ကိုပြုလုပ်ထားသည့်ဒဏ်ရာလက္ခဏာများဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

လူသတ်မှုကြောင့် ရစ်ဇယ်သည် မလေးရှားနိုင်ငံ၏ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂အရ တရားစွဲဆိုခံရပြီး သေဒဏ်ချမှတ်ခြင်းခံခဲ့ရသဖြင့် သေဒဏ်ကို အယူခံဝင်ရောက်ခဲ့ရာ အယူခံတရားရုံး(the Court of Appeal)က အယူခံမှုအားပလပ်ခဲ့ပြီး မူလတရားရုံးအမိန့်ကိုအတည်ပြုခဲ့ကြောင်း သိရှိရပါသည်။

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၅) ၂၀၂၅ ခုနှစ် ဇွန်လ ၁၃ ရက်


၁၉၆၇ ခုနှစ် မလေးရှားနိုင်ငံရဲအက်ဥပဒေပုဒ်မ ၁၃ တွင် ရဲအရာရှိများသည် အလုပ်စတင်တာဝန်ထမ်းဆောင်ခြင်းမပြုမီ မလေးရှားနိုင်ငံ၏ဥပဒေများကို လိုက်နာပါမည်၊ ကာကွယ်ပါမည်၊ စောင့်ရှောက်ပါမည်၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ရိုးသားစွာဖြင့် ကြိုးစားတာဝန် ထမ်းဆောင်ပါမည်ဟု အထက်အရာရှိရှေ့မှောက်တွင် ကတိသစ္စာပြုရန် ပြဋ္ဌာန်းထားသည်။

မလေးရှားနိုင်ငံတွင် ပြစ်မှုဆိုင်ရာဥပဒေ(Penal Code) ကို ၁၉၃၆ ခုနှစ်က ပြဋ္ဌာန်းကျင့်သုံးခဲ့ပြီး ၁၉၇၄ ခုနှစ် တွင် အက်ဥပဒေ(Act) အမှတ် ၅၇၄ အဖြစ် ပြင်ဆင်အသုံးပြုခဲ့သည်။ လူသတ်မှုနှင့်ပတ်သက်၍ Penal Code ပုဒ်မ ၃၀၂ တွင် မည်သူမဆို လူသတ်မှုကျူးလွန်ပါက သေဒဏ်ချမှတ်ခြင်းခံရမည်ဟု ပြဋ္ဌာန်းထားသည်ကို သိရှိရပါသည်။

အယူခံတရားရုံး၏ အမိန့်တွင် အာမက်ရစ်ဇယ် အူမာရ်သည် ရဲအရာရှိတာဝန်အပေါ် သစ္စာဖောက်၍ အလွဲသုံးစားပြုခဲ့ကြောင်းကို အလေးအနက်ဖော်ပြခဲ့ပါသည်။ အယူခံတရားရုံးချုပ်တရားသူကြီးဝမ်ကီယန်ခေါင်း(Justice Wong Kian Kheong)က “ရစ်ဇယ်သည် လူသတ်မှုကျူးလွန်ခြင်းအားဖြင့် ၁၉၆၇ ခုနှစ် ရဲအက်ဥပဒေပုဒ်မ ၁၃ အရ ဥပဒေကို လိုက်နာ၊ ကာကွယ်၊ ထိန်းသိမ်းပါမည် ဟု ကြေညာခဲ့သော ကတိသစ္စာကို ဖောက်ဖျက်ခဲ့ကြောင်း၊ ထို့ပြင် လူသတ်မှုကိုဖုံးကွယ်ရန်အတွက် ရဲအရာရှိတာဝန်နှင့် လုပ်ငန်းအတွေ့ကြုံများကိုအသုံးချကာ အမှုစစ်အရာရှိအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ရစ်ဇယ်အား သေဒဏ်ချမှတ်ခဲ့သည့်အမိန့်မှာ ရဲအရာရှိတစ်ဦး၏ကတိသစ္စာကို ဖောက်ဖျက်မှုနှင့်ရဲအရာရှိတာဝန်၊လုပ်ငန်းအတွေ့အကြုံများကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့မှုတို့ကျူးလွန်ခြင်းအတွက် ထိုက်သင့်သောပြစ်ဒဏ်ဖြစ်၍ အများပြည်သူအကျိုးအတွက် မှန်ကန်သောအမိန့်ဖြစ်ကြောင်း” ဖော်ပြခဲ့သည်ကို သိရှိရပါသည်။

လေ့ကျင့်သင်ကြားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်:

https://www.freemalaysiatoday.com/category/nation/2025/06/06/ex-cops-murdedeath-penalty-affirmed-as-message-to-police-officers

https://www.malaymail.com/news/malaysia/2025/06/06/court-of-appeal-upholds-death-sentence-for-ex-police-inspector-who-murder ed-girlfriend/179454

## အမေရိကန်နိုင်ငံက ICC တရားသူကြီး ၄ ဦးအပေါ် ပိတ်ဆို့အရေးယူမှုနှင့်စပ်လျဉ်း၍ EU က အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုတရားရုံး International Criminal Court -ICC အပေါ်ထောက်ခံခြင်း

အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုတရားရုံး International Criminal Court -ICC ၏ အယူခံဌာနမှ တရားသူကြီးများဖြစ်သည့် SOLOMY BALUNGI BOSSA နှင့် LUZ DEL CARMEN IBANEZ CARRANZA၊ တရားမစွဲတင်မီနှင့်တရားစီရင်ရေးဌာနမှ တရားသူကြီးများဖြစ်သည့် REINE ADELAIDE SOPHIE ALAPINI GANSOU နှင့် BETI HOHLER တို့သည် အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ အပေါ် ICC ၏ စုံစမ်းစစ်ဆေးမှုကိုခွင့်ပြုရန်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု (Benjamin Netanyahu) နှင့် ယခင်ကာကွယ်ရေးဝန်ကြီး ယိုအားဗ်ဂါလန် (Yoav Gallant)တို့ကို ဖမ်းဝရမ်း ထုတ်ပြန်ရန်တို့ကို ဆုံးဖြတ်ခဲ့သည့်အတွက် ၇-၆-၂၀၂၅ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးဝန်ကြီးဌာနက ၎င်းတို့ကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏အမှုဆောင်အမိန့် E.O. 14203 ၏ ပုဒ်မ၁(က)(၂)(က)အရ ပိတ်ဆို့အရေးယူခံရသည့်တရားသူကြီးများအဖြစ် သတ်မှတ်ခဲ့ကြောင်း အမေရိကန်ပြည်နယ်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါသည်။

ထိုသို့ပိတ်ဆို့အရေးယူခံရမှုနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂ(EU)တာဝန်ရှိသူများ၊ ဥရောပကော်မရှင် ဥက္ကဋ္ဌ Ursula von der Leyen နှင့် ဥရောပကောင်စီဥက္ကဋ္ဌ Antonio Costa တို့က အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများကို တုံ့ပြန်သည့်အနေဖြင့် ICC ကို EU က ထောက်ခံကြောင်း ပြန်လည်အတည်ပြု ပြောကြားခဲ့သည်။ Antonio Costa က တရားရုံးကို "နိုင်ငံတကာတရားမျှတမှု၏ အဓိကထောက်တိုင်" ဟုခေါ်ဆိုခဲ့ပြီး"နိုင်ငံများကိုဆန့်ကျင်ခြင်းမဟုတ်ဘဲ ဒဏ်ခတ်ခြင်းမှကင်းလွတ်ခွင့်ကို ဆန့်ကျင်သည်" ဟုမှတ်ချက်ပြုခဲ့ပါသည်။ ထို့ပြင်"တရားရုံး၏လွတ်လပ်မှုနှင့်ခိုင်မာမှုတို့ကို ကျွန်ုပ်တို့ကာကွယ်ရမည်။ တရားဥပဒေစိုးမိုးရေးသည် အာဏာ၏စိုးမိုးရေးထက် ပိုမိုအရေးကြီးသည်"ဟု ၎င်းက ထပ်လောင်း ပြောကြားခဲ့သည်။ Ursula von der Leyen က တရားရုံးသည် "ကမ္ဘာ့အကြီးကျယ်ဆုံးရာဇဝတ်မှုများကို ကျူးလွန်သူများကို တာဝန်ယူစေသည်"ဟုလည်းကောင်း၊ “တရားရုံးအနေဖြင့် ဖိအားမရှိဘဲ လွတ်လပ်စွာ

ဆောင်ရွက်နိုင်ရမည်”ဟုလည်းကောင်းပြောကြားကာ ဥရောပသည်"ကမ္ဘာ့တရားမျှတမှုနှင့် နိုင်ငံတကာ ဥပဒေကို အစဉ်အမြဲထောက်ခံမည်"ဟု ပြောကြားခဲ့ပါသည်။

ICC အနေဖြင့် ထိုသို့ပိတ်ဆို့အရေးယူခံရမှုများသည့် တရားရုံး၏လွတ်လပ်ခွင့်အပေါ် တိုက်ရိုက် တိုက်ခိုက်မှုဖြစ်သည်ဟု ပြောကြားခဲ့ပြီး ICC ၏ ဝန်ထမ်းများအပေါ် ခိုင်မာသည့်ထောက်ခံမှုကို ဖော်ပြခဲ့ပါသည်။ ထို့ပြင်တရားရုံးအနေဖြင့်ဆောင်ရွက်မှုများသည် ဘက်လိုက်မှုမရှိဘဲ တရားမျှတသည့် လုပ်ထုံးလုပ်နည်းများဖြင့် Rome Statute အရ အဖွဲ့ဝင် ၁၂၅ နိုင်ငံ၏ထောက်ခံမှုများဖြင့် ဆောင်ရွက် ခြင်းဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်ကို သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2025/06/eu-officials-reaffirm-support-for-icc-in-response-to-us-sanctions-on-judges/

https://www.state.gov/imposing-sanctions-in-response-to-the-iccs-illegitimate-actions-targeting-the-united-states-and-israel/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၅) ၂၀၂၅ ခုနှစ် ဇွန်လ ၁၃ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

